## ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များ၏'ဂ'လိုင်စင်အမျိုးအစား စင်းလုံးငှား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(ကနဦး)လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ရေယာဉ်ပိုင်ရှင်မှ ကနဦးလျှောက်ထားရာတွင် လိုအပ်သောစာရွက်/စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) 'ဂ'လိုင်စင်အမျိုးအစား စင်းလုံးငှား လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာ သက်သေခံလက်မှတ်များ(Safety Certifcate/ LSA/ Certificate of Servey) (မူရင်း/မိတ္တူ)

(ဂ) ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်အသင်းမှ အသင်းဝင်ရေယာဉ်ဖြစ်ကြောင်း ထောက်ခံချက်

(ဃ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၂။ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင် မြင်းကောင်ရေ(၂ဂ)အထက်ရေယာဉ်များ၏ 'ဂ'လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ(ကနဦး) လျှောက်ထားမှု နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) 'ဂ'လိုင်စင်အမျိုးအစား စင်းလုံးငှား လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မှတ်ပုံတင်လက်မှတ်နှင့်ခုတ်မောင်းသွားလာခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(ဂ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်အုပ်/စက်ခန်းအုပ်အဖြစ် မောင်းနှင်ခွင့်လက်မှတ် (မူရင်း/မိတ္တူ)

(ဃ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၃။ မြို့နယ်မှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက်မပိုသော စက်တပ်ရေယာဉ်များ၏ 'ဂ'လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ(ကနဦး)လျှောက်ထားမှု နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) 'ဂ'လိုင်စင်အမျိုးအစား စင်းလုံးငှား လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုယ်စား သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသော ရေယာဉ်မှတ်ပုံတင်လက်မှတ်(မူရင်း/မိတ္တူ)

(ဂ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မောင်းနှင်ခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(ဃ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်တွင် အများဆုံးတင်ဆောင်နိုင်သည့် ခရီးသည်ဦးရေ သတ်မှတ်ချက် အထောက်အထား

(င) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၄။ 'ဂ'လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ(ကနဦး) လျှောက်ထားလာမှုနှင့်ပတ်သက်၍ ပြည်နယ်ရုံးနှင့်ခရိုင်ရုံးခွဲများမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေယာဉ်ပိုင်ရှင်၏ လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာနှင့် လိုအပ်သောစာရွက်/စာတမ်းများ မှန်ကန်ပြည့်စုံမှုရှိ/မရှိ စိစစ်လက်ခံခြင်း

(ခ) သက်ဆိုင်ရာမြို့နယ် ရေယာဉ်များစနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီထံ ဒေသ လိုအပ်ချက် ရှိ/မရှိ ထောက်ခံချက်တောင်းခံခြင်း

(ဂ) ကရလဖ(ကယား)၏ ခွင့်ပြုချက်ဖြင့် 'ဂ' စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အား ထုတ်ပေးခြင်း

(ဃ) ရေယာဉ်ပိုင်ရှင်အား လိုင်စင်ကျသင့်ငွေများ ဘဏ်သို့ ပေးသွင်းခြင်း

(င )	လုပ်ငန်းလိုင်စင်မိတ္တူများအား အမှုတွဲဖိုင်တွင် သိမ်းဆည်းခြင်း

၅။	’ဂ’လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ(ကနဦး) လျှောက်ထားလာမှုနှင့်ပတ်သက်၍ ပြည်နယ်ရုံးနှင့်ခရိုင်ရုံးခွဲများမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)	ရေယာဉ်ပိုင်ရှင်၏ လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာနှင့် လိုအပ်သောစာရွက်/ စာတမ်းများ မှန်ကန်ပြည့်စုံမှုရှိ/မရှိ စိစစ်လက်ခံခြင်း

(ခ )	သက်ဆိုင်ရာမြို့နယ် ရေယာဉ်များစနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီထံ ဒေသ လိုအပ်ချက် ရှိ/မရှိ ထောက်ခံချက်တောင်းခံခြင်း

(ဂ )	ကရလဖ(ကယား)၏ ခွင့်ပြုချက်ဖြင့် ‘ဂ’ စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အား ထုတ်ပေးခြင်း

(ဃ)	ရေယာဉ်ပိုင်ရှင်အား လိုင်စင်ကျသင့်ငွေများ ဘဏ်သို့ ပေးသွင်းခြင်း

(င )	လုပ်ငန်းလိုင်စင်မိတ္တူများအား အမှုတွဲဖိုင်တွင် သိမ်းဆည်းခြင်း

၆။	ကမ်းရိုးတန်း/ ပြည်တွင်းရေကြောင်းသွားခရီးသည်/ ကုန်တင်ရေယာဉ်များ၏ ‘င’ လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်(ကနဦး) လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က)	‘င’လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာ

(ခ )	ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ် မှတ်ပုံတင်နှင့် သက်ဆိုင်ရာ သက်သေခံလက်မှတ်များ (Safety Certifcate/ LSA/ Certificate of Servey/ Load Line) (မူရင်း/မိတ္တူ)

(ဂ )	ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်းမှ အသင်းဝင်ဖြစ်ကြောင်း ထောက်ခံချက်

(ဃ) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးများရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရုံးများမှ ရေယာဉ်အား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအတွက်သာ အသုံးပြု ကြောင်းထောက်ခံချက်

(င ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၇။ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက် ရေယာဉ်များ၏ 'င'လိုင်စင် အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ (ကနဦး)လျှောက်ထားမှု နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) 'င'လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင် ခွင့်လျှောက်လွှာ

(ခ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ် မှတ်ပုံတင် လက်မှတ်နှင့် ခုတ်မောင်းသွားလာခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(ဂ ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်အုပ်/စက်ခန်းအုပ်အဖြစ် မောင်းနှင်ခွင့်လက်မှတ် (မူရင်း/မိတ္တူ)

(ဃ) သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ရေယာဉ်ပိုင်ရှင်အသင်း (သို့) ရစကမှ ရေယာဉ်အား ကိုယ်ပိုင်လုပ်ငန်းအတွက်သာအသုံးပြုကြောင်း ထောက်ခံချက်

(င) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၈။ မြို့နယ်မှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက်မပိုသော စက်တပ်ရေယာဉ်များ၏ 'င'လိုင်စင် အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ (ကနဦး)လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) “င”လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုယ်စား သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသောရေယာဉ်မှတ်ပုံတင်လက်မှတ် (မူရင်း/မိတ္တူ)

(ဂ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်မောင်းနှင်ခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(ဃ) သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရေယာဉ်အား ကိုယ်ပိုင် လုပ်ငန်းအတွက်သာ အသုံးပြုကြောင်း ထောက်ခံချက်

(င) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၉။ ကမ်းရိုးတန်းသွား/ ပြည်တွင်းသွားရေကြောင်းသွား ကုန်တင်ရေယာဉ်များနှင့် တွဲတွန်း/ တွဲဆွဲ ရေယာဉ်များ၊ ဆီတင်ရေယာဉ်များ၏ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ(သက်တမ်းတိုး)ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်သည်–

(က) ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်(သက်တမ်းတိုး)လျှောက်လွှာ

(ခ) ယခင်နှစ်က ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်အပိုင်း(၁)နှင့် အပိုင်း(၂)

(ဂ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်မှတ်ပုံတင် နှင့် သက်ဆိုင်ရာ သက်သေခံလက်မှတ်များ ( Safety Certifcate / LSA/ Certificate of Servey/ Load Line / Seaworthiness) (မူရင်း/မိတ္တူ)

(ဃ) ရေထုညစ်ညမ်းမှု ဖြစ်ပွားပါက အရေးပေါ်တုန့်ပြန်ဆောင်ရွက်ရမည့် အစီအမံ (ဆီတင်ရေယာဉ်များသာ)

၁၀။ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက် ကုန်တင်ရေယာဉ် များ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ(သက်တမ်းတိုး) ထုတ်ပေးရာ တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်အတိုင်းဖြစ်ပါသည်-

(က) ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်(သက်တမ်းတိုး)လျှောက်လွှာ

(ခ) ယခင်နှစ်က ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်အပိုင်း(၁)နှင့် အပိုင်း(၂)

(ဂ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်မှတ်ပုံတင် လက်မှတ်နှင့် ခုတ်မောင်းသွားလာခွင့် လက်မှတ်(မူရင်း/မိတ္တူ)

(ဃ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်အုပ်/ စက်ခန်းအုပ်အဖြစ် မောင်းနှင်ခွင့်လက်မှတ် (မူရင်း/မိတ္တူ)

(င) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၁၁။ မြို့နယ်မှတ်ပုံတင် မြင်ကောင်ရေ(၂၀)အထက်မပိုသော စက်တပ်ကုန်တင်ရေယာဉ်များ ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ(သက်တမ်းတိုး)ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်အတိုင်းဖြစ်ပါသည်-

(က) ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်(သက်တမ်းတိုး)လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားသက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသော ရေယာဉ်မှတ်ပုံတင်လက်မှတ် (မူရင်း/မိတ္တူ)

(ဂ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်မောင်းနှင်ခွင့် လက်မှတ်(မူရင်း/မိတ္တူ)

၁၂။ စက်မဲ့ဆီတပ်တွဲများ၏ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ (သက်တမ်းတိုး)ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်(သက်တမ်းတိုး)လျှောက်လွှာ

(ခ ) ယခင်နှစ်က ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်အပိုင်း(၁) နှင့် အပိုင်း(၂)

(ဂ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် စက်မဲ့ဆီတင်တွဲမှတ်ပုံတင်နှင့်သက်ဆိုင်ရာသက်သေခံလက်မှတ်များ(Ceretificate of fithness For carriage of petroleum in bulk / Load Line/ seaworthiness certicate(မူရင်း/မိတ္တူ)

(ဃ) ဆီတင်တွဲများအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အတည်ပြုထားသည့် ရေထုညစ်ညမ်းမှုဖြစ်ပွားပါက အရေးပေါ်တုန့်ပြန်ဆောင်ရွက်ရမည့် အစီအမံ

၁၃။ စက်မဲ့ကုန်တင်တွဲများ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ (သက်တမ်းတိုး) ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လုပ်ငန်းလုပ်ကိုင်ခွင့်(သက်တမ်းတိုး)လျှောက်လွှာ

(ခ ) ယခင်နှစ်က ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်အပိုင်း(၁)နှင့်အပိုင်း(၂)

(ဂ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် စက်မဲ့ကုန်တင်တွဲ မှတ်ပုံတင်နှင့် သက်ဆိုင်ရာ သက်သေခံ လက်မှတ်များ (Ssfty Certificate) အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်(မူရင်း/မိတ္တူ)

၁၄။ ကမ်းရိုးတန်းသွား/ပြည်တွင်းရေကြောင်းသွား ကုန်တင်ရေယာဉ်များ၊ တွဲတွန်းတွဲဆွဲ/ဆီတင်ရေယာဉ်များနှင့် စက်မဲ့ဆီတင်/ကုန်တင်တွဲများ (သက်တမ်းတိုး)လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ပြည်နယ်ရုံးမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် များမှာ အောက်ပါအတိုင်းဖြစ်ပါ သည်–

(က) ကမ်းရိုးတန်းသွား/ပြည်တွင်းရေကြောင်းသွားကုန်တင်ရေယာဉ်များ၊ တွဲတွန်းတွဲဆွဲ/ဆီတင်ရေးယာဉ်မျာနှင့် စက်မဲ့ဆီတင်/ကုန်တင်တွဲများ(သက်တမ်းတိုး)

လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားလာမှုနှင့် ပတ်သက်၍ အမှုတွဲနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား စုစည်း၍(ရုံးချုပ်)ရေကြောင်းလုပ်ငန်း ဌာနခွဲသို့ ပေးပို့ဆောင်ရွက်ခြင်း

(ခ) ပြည်တွင်းရေကြောင်းသွား မြင်းကောင်ရေ(၂၀)အထက်/(၂၀)အောက် ကုန်တင် ရေယာဉ်များ၏ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် (သက်တမ်းတိုး) ခြင်းအတွက် လိုင်စင်တွင် သက်တမ်းဖြည့်သွင်းခြင်း(၂၀အထက်)/ လိုင်စင်အဟောင်းများ ပြန်လည် သိမ်းဆည်း (၂၀အောက်)၍ အမှုတွဲများ စိစစ်ကာ လိုင်စင်အသစ် ထုတ်ပေးဆောင်ရွက်ခြင်း

၁၅။ ကမ်းရိုးတန်းသွား/ပြည်တွင်းရေကြောင်းသွားခရီးသည်တင်ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ(သက်တမ်းတိုး)ထုတ်ပေးရာတွင် ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်(သက်တမ်းတိုး) လျှောက်လွှာ

(ခ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် (ရုံးချုပ်) မှတ်ပုံတင် ရေယာဉ်များ၏ ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက် သေခံ လက်မှတ်များ(Safety Certifcate/LSA/Certificate of Servey)(မူရင်း/မိတ္တူ)

(ဂ ) ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်းမှ အသင်းဝင် ရေယာဉ်ဖြစ်ကြောင်း ထောက်ခံချက်

(ဃ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၁၆။ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက် ခရီးသည်တင် ရေယာဉ် များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ(သက်တမ်းတိုး)ထုတ်ပေးရာ တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်(သက်တမ်းတိုး) လျှောက်လွှာ

(ခ ) ယခင်နှစ်က ထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင်အပိုင်း(၁)နှင့်အပိုင်း(၂)

(ဂ )  ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ခရီးသည်တင်ရေယာဉ်မှတ်ပုံတင်လက်မှတ်နှင့် ခုတ်မောင်းသွားလာခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(ဃ)  သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်အုပ်/စက်ခန်းအုပ်အဖြစ် မောင်းနှင်ခွင့်လက်မှတ် (မူရင်း/မိတ္တူ)

၁၇။ မြို့နယ်မှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက်မပိုသော စက်တပ်ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ(သက်တမ်းတိုး) ထုတ်ပေးရာတွင် ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)  ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်(သက်တမ်းတိုး)လျှောက်လွှာ

(ခ )  ယခင်နှစ်က ထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင်

(ဂ )  ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုယ်စား သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသော ရေယာဉ်မှတ်ပုံတင်လက်မှတ်(မူရင်း/မိတ္တူ)

(ဃ)  သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မောင်းနှင်ခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(င )  သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်တွင် အများဆုံးတင်ဆောင်နိုင်သည့်ခရီးသည် ဦးရေ သတ်မှတ်ချက်အထောက်အထား

၁၈။ ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွား ခရီးသည်တင် ရေယာဉ်များနှင့် မြင်းကောင်ရေ(၂၀)အထက်/ (၂၀)အောက်ရေယာဉ်များ၏ (သက်တမ်းတိုး)ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင် ခွင့်လိုင်စင်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ပြည်နယ်ရုံးမှ စိစစ်ဆောင်ရွက်ရမည် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေယာဉ်ပိုင်ရှင်၏လုပ်ငန်းလုပ်ကိုင်ခွင့်(သက်တမ်းတိုး)လျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှုရှိ/မရှိ စိစစ်လက်ခံခြင်း

(ခ) ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွားခရီးသည်တင် ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်သက်တမ်းတိုးခြင်းအား အမှုတွဲများစိစစ်၍(ရုံးချုပ်)ရေကြောင်းလုပ်ငန်း ဌာနခွဲသို့သက်တမ်းတိုးဆောင်ရွက်ရန် တင်ပြပေးပို့ခြင်း

(ဂ) မြင်းကောင်ရေ(၂၀)အထက်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်သက်တမ်းတိုးခြင်းအား လုပ်ငန်းလိုင်စင်အဟောင်း အပိုင်း(၁)နှင့်အပိုင်း(၂)တွင် သက်တမ်း တိုးလက်မှတ်ရေးထိုး၍ ပိုင်ရှင်ထံ ပြန်လည်ထုတ်ပေးခြင်း

(ဃ) မြင်းကောင်ရေ(၂၀)အောက် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်သက်တမ်းတိုးခြင်းအား လုပ်ငန်းလိုင်စင်အဟောင်း ပြန်လည်သိမ်းဆည်း၍ ပိုင်ရှင်ထံ အသစ်ပြန်လည်ထုတ်ပေးခြင်း

၁၉။ ကမ်းရိုးတန်း/ ပြည်တွင်းရေကြောင်းသွားရေယာဉ်များ၏“ဂ”လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(သက်တမ်းတိုး)ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) “ဂ” လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်း လုပ်ကိုင်ခွင့်(သက်တမ်းတိုး) လျှောက်လွှာ

(ခ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက်သေခံလက်မှတ်များ ( Safety Certifcate/ LSA/ Certificate of Servey) (မူရင်း/မိတ္တူ)

(ဂ ) ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်အသစ်မှ အသင်းဝင်ဖြစ်ကြောင်း ထောက်ခံချက်

(ဃ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၂၀။ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက် ရေယာဉ်များ၏"ဂ" လိုင်စင် အမျိုးအစား စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ(သက်တမ်းတိုး)ထုတ်ပေးရာ တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "ဂ" လိုင်စင် အမျိုးအစား စင်းလုံးငှားလုပ်ငန်း လုပ်ကိုင်ခွင့်(သက်တမ်းတိုး) လျှောက်လွှာ

(ခ ) ယခင်နှစ်က ထုတ်ပေးထားသည့်လုပ်ငန်းကိုင်လိုင်စင်အပိုင်း(၁)နှင့် အပိုင်း(၂)

(ဂ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့်ရေယာဉ် မှတ်ပုံတင် လက်မှတ်နှင့် ခုတ်မောင်းသွားလာခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(ဃ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်အုပ်/ စက်ခန်းအုပ်အဖြစ် မောင်းနှင်ခွင့်လက်မှတ် (မူရင်း/မိတ္တူ)

၂၁။ မြို့နယ်မှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက်မပိုသော စက်တပ်ရေယာဉ်များ၏ "ဂ" လိုင်စင် အမျိုးအစား စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(သက်တမ်းတိုး)ထုတ်ပေးရာတွင် ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "ဂ"လိုင်စင် အမျိုးအစား စင်းလုံးငှားလုပ်ငန်း လုပ်ကိုင်ခွင့်(သက်တမ်းတိုး) လျှောက်လွှာ

(ခ ) ယခင်နှစ်က ထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင်

(ဂ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုယ်စား သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကထုတ်ပေးသော ရေယာဉ်မှတ်ပုံတင်လက်မှတ် (မူရင်း/မိတ္တူ)

(ဃ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မောင်းနှင်ခွင့်လက်မှတ်(မူရင်း/မိတ္တူ)

၂၂။ “ဂ”လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(သက်တမ်းတိုး) လျှောက်ထားလာမှုနှင့်ပတ်သက်၍ ပြည်နယ်ရုံးနှင့်ခရိုင်ရုံခွဲများမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ရေယာဉ်ပိုင်ရှင်၏လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုး လျှောက်လွှာနှင့်လိုအပ် သောစာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/မရှိ စိစစ်လက်ခံခြင်း

(ခ ) ကမ်းရိုးတန်းသွား/ပြည်တွင်းရေကြောင်းသွားခရီးသည်တင် ရေယာဉ်များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(သက်တမ်းတိုး) လျှောက်ထားလာသည့်လိုအပ်သော စာရွက်စာတမ်းအမှုတွဲများအား စုစည်း၍(ရုံးချုပ်) ရေကြောင်းလုပ်ငန်းဌာနခွဲသို့ သက်တမ်းတိုး ဆောင်ရွက်နိုင်ရန်ပေးပို့ခြင်း

(ဂ ) (ရုံးချုပ်)ရေကြောင်းလုပ်ငန်းဌာနခွဲမှ ပြန်လည်ပေးပို့လာသည့် သက်တမ်းတိုးပြီးလုပ်ငန်းလိုင်စင် အပိုင်း(၁)(၂)တို့အား ပိုင်ရှင်များထံသို့ ထုတ်ပေးဆောင်ရွက်ခြင်း

(ဃ) ပြည်တွင်းရေကြောင်းသွား မြင်းကောင်ရေ(၂ဂ)အထက်ရေယာဉ်များ၏ “ဂ”လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ(သက်တမ်းတိုး)လျှောက်ထားလာမှုအား အမှုတွဲစိစစ်ကာ လုပ်ငန်းလိုင်စင်အပိုင်း(၁)(၂)အဟောင်းတွင် သက်တမ်းတိုး လက်မှတ်ရေးထိုး၍ ပိုင်ရှင်အား ပြန်လည်ထုတ်ပေးခြင်း

(င ) ပြည်တွင်းရေကြောင်းသွား မြင်းကောင်ရေ(၂ဂ)အောက်ရေယာဉ်များ၏ “ဂ” လိုင်စင်အမျိုးအစား စင်းလုံးငှားလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ(သက်တမ်းတိုး)လျှောက်ထားလာမှုအား အမှုတွဲစိစစ်ကာ လုပ်ငန်းလိုင်စင်အဟောင်းအား သိမ်းဆည်း၍ ပိုင်ရှင်အား အသစ်ပြန်လည်ထုတ်ပေးခြင်း

၂၃။ ကမ်းရိုးတန်း/ပြည်တွင်းရေကြောင်းသွားခရီးသည်/ ကုန်တင်ရေယာဉ်များ၏“င” လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်

(သက်တမ်းတိုး)ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) "င"လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်(သက်တမ်းတိုး)

(ခ) ယခင်နှစ်က ထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင် အပိုင်း(၁)နှင့်အပိုင်း(၂)

(ဂ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ် မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက်သေခံလက်မှတ်များ( Safety Certifcate/ LSA/ Certificate of Servey) (မူရင်း/မိတ္တူ)

၂၄။ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက် ရေယာဉ်များ၏ "င"လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (သက်တမ်းတိုး)ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) "င" လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်(သက်တမ်းတိုး)လျှောက်လွှာ

(ခ) ယခင်နှစ်က ထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင် အပိုင်း(၁)နှင့်အပိုင်း(၂)

(ဂ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ် မှတ်ပုံတင်နှင့် ခုတ်မောင်းသွားလာခွင့်လက်မှတ် (မူရင်း/မိတ္တူ)

(ဃ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်အုပ်/ စက်ခန်းအုပ်အဖြစ် မောင်းနှင်ခွင့် လက်မှတ် (မူရင်း/မိတ္တူ)

၂၅။ မြို့နယ်မှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက်မပိုသော စက်တပ်ရေယာဉ်များ၏ "င" လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံးလုပ်ငန်းကိုင်ခွင့်လိုင်စင်(သက်တမ်းတိုး) ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) "င"လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံးလုပ်ငန်းလုပ်ကိုင်ခွင့် (သက်တမ်းတိုး) လျှောက်လွှာ

(ခ ) ယခင်နှစ်က ထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင်

(ဂ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုယ်စား သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသော ရေယာဉ်မှတ်ပုံတင် လက်မှတ် (မူရင်း/မိတ္တူ)

(ဃ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မောင်းနှင်ခွင့်လက်မှတ်(မူရင်း/မိတ္တူ)

၂၆။ "င"လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (သက်တမ်းတိုး)လျှောက်ထားလာမှုနှင့်ပတ်သက်၍ ပြည်နယ်ရုံးနှင့် ခရိုင်ရုံးခွဲများမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ရေယာဉ်ပိုင်ရှင်၏ လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုးလျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှုရှိ/မရှိ စိစစ်လက်ခံခြင်း

(ခ ) ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွားကုန်တင်/ ခရီးသည်တင်ရေယာဉ်များ၏ ကိုယ်ပိုင်စီးပွားရေးသုံး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (သက်တမ်းတိုး) လျှောက်ထားလာသည့် လိုအပ်သောစာရွက်စာတမ်းအမှုတွဲအား စုစည်း၍ (ရုံးချုပ်) ရေကြောင်းလုပ်ငန်းဌာနခွဲ သို့ သက်တမ်းတိုး ဆောင်ရွက်နိုင်ရန်ပေးပို့ခြင်း

(ဂ) ရုံးချုပ် ရေကြောင်းလုပ်ငန်းဌာနခွဲမှ ပြန်လည်ပေးပို့လာသည့် သက်တမ်းတိုးပြီး လုပ်ငန်းလိုင်စင် အပိုင်း(၁)(၂)တို့အား ပိုင်ရှင်များထံသို့ ထုတ်ပေးဆောင်ရွက်ခြင်း

(ဃ) ပြည်တွင်းရေကြောင်းသွား မြင်းကောင်ရေ(၂၀)အထက် ရေယာဉ်များ၏ "င" လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (သက်တမ်းတိုး)လျှောက်ထားလာမှုအား အမှုတွဲ စိစစ်ကာ လိုပ်ငန်းလိုင်စင်

အပိုင်း(၁)(၂)အဟောင်းတွင် သက်တမ်းတိုး လက်မှတ်ရေးထိုး၍ ပိုင်ရှင်အား ပြန်လည်ထုတ်ပေးခြင်း

(င ) ပြည်တွင်းရေကြောင်းသွား မြင်းကောင်ရေ(၂၀)အထက် ရေယာဉ်များ၏ “င” လိုင်စင်အမျိုးအစား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်(သက်တမ်းတိုး)လျှောက်ထားလာမှုအား အမှုတွဲ စိစစ်ကာ လိုင်ငန်း လိုင်စင်အပိုင်း(၁)(၂)အဟောင်းအား သိမ်းဆည်း၍ ပိုင်ရှင်အား အသစ်ပြန်လည် ထုတ်ပေးခြင်း

၂၇။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်နယ်ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအရ ခရီးသည်ပို့ဆောင်ရေး ရေယာဉ်လိုင်းပြေးဆွဲခွင့်ပြုရန် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရေကြောင်းဦးစီးဌာန (ရုံးချုပ်)တွင် မှတ်ပုံတင်ထားသည့် ခရီးသည်တင် ရေယာဉ်များ

(ခ ) စက်မြင်းကောင်ရေ(၂၀)အောက် ခရီးသည်တင်ရေယာဉ်များ

(ဂ ) ခရီးသည်တင်ရေယာဉ်လိုင်းခရီးစဉ်တိုးချဲ့ပြေးဆွဲခြင်း

(ဃ) ရေယာဉ်တိုးခြင်း/လျှော့ခြင်းနှင့် ရေယာဉ်ပြောင်းလဲပြေးဆွဲခြင်း

(င ) ခရီးသည်တင် ရေယာဉ်လိုင်းပြေးဆွဲခွင့်သက်တမ်းတိုးခြင်း

၂၈။ ရုံးချုပ်မှတ်ပုံတင်ခရီးသည်တင်ရေယာဉ်များ /မြင်းကောင်ရေ(၂၀)အထက် ခရီးသည် တင်ရေယာဉ်များ၏ ခရီးသည်တင်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် (ခရီးစဉ်လိုင်း) လျှောက်ထားလာသည့် ရေယာဉ်အသင်း/အဖွဲ့များမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရေယာဉ်အသင်း/ အဖွဲ့ဖြင့် လျှောက်ထားခြင်းနှင့်ပို့ဆောင်ရေးကုမ္ပဏီ/ သမဝါ ယမ

အသင်းတို့မှ လျှောက်ထားခြင်းများတွင် လိုအပ်သော စာရွက်/စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခရီးစဉ်လိုင်းပြေးဆွဲခွင့်ပြုရန် လျှောက်လွှာ

(ခ) ပြေးဆွဲမည့် ခရီးသည်တင်ရေယာဉ်များ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ

(ဂ) အောက်ပါအချက်အလက်များပါဝင်သည့် ခရီးသည်ပို့ဆောင်ရေးဆောင်ရွက်မည့် လုပ်ငန်း စီမံချက်

(၁) ရေယာဉ်အသင်း/အဖွဲ့အမည်၊ ကုမ္ပဏီ/သမအသင်းအမည်

(၂) အသင်း/အဖွဲ့ ဖွဲ့စည်းပုံ၊ ကုမ္ပဏီ/သမ မှတ်ပုံတင်နှင့် ဖွဲ့စည်းပုံ

(၃) ပြေးဆွဲမည့်ခရီးစဉ်၊ ဒေသ၊ ခရီးအကွာအဝေး၊ ခရီးစဉ်အတွင်းရှိ ဆိပ်ကမ်းများတွင် ဆိုက်ကပ်မည့်အစီအစဉ်(မြေပုံပူးတွဲတင်ပြရန်)

(၄) နေ့စဉ်ပြေးဆွဲမည့်ရေယာဉ်စီးရေ၊ ပြေးဆွဲမည့်ကာလ အပိုင်းအခြား ရေယာဉ်စီးခ နှုန်းထားများ

(၅) ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အစီအမံ

(၆) အရေးပေါ်အခြေအနေများတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေးအပ်သော တာဝန်ကို ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်

၂၉။ ရေယာဉ်ပိုင်ရှင် တစ်ဦးချင်း(တစ်သီးပုဂ္ဂလ)လျှောက်ထားခြင်းများတွင် လိုအပ်သော စာရွက်/စာ တမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခရီးစဉ်လိုင်းပြေးဆွဲခွင့်ပြုရန်လျှောက်လွှာ

(ခ) ပြေးဆွဲမည့်ခရီးသည်တင်ရေယာဉ်၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်

(ဂ) အောက်ပါအချက်အလက်များပါဝင်သည့် ခရီးသည်ပို့ဆောင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်

(၁) ရေယာဉ်ပိုင်ရှင်အမည်

(၂) ရေယာဉ်ဝန်ထမ်းဖွဲ့စည်းပုံ

(၃) ပြေးဆွဲမည့်ခရီးစဉ်၊ ဒေသ၊ ခရီးအကွာအဝေး၊ ခရီးစဉ်အတွင်းရှိ ဆိပ်ကမ်းများတွင် ဆိုက်ကပ်မည့်အစီအစဉ်(မြေပုံပူးတွဲတင်ပြရန်)

(၄) နေ့စဉ်ပြေးဆွဲမည့်ရေယာဉ်စီးရေ၊ ပြေးဆွဲမည့်ကာလ အပိုင်းအခြား

(၅) ရေယာဉ်စီးခ နှုန်းထားများ

(၆) ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အစီအမံ

(၇) အရေးပေါ်အခြေအနေများတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေးအပ်သော တာဝန်ကို ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်

၃၀။ ရုံးချုပ်မှတ်ပုံတင်ခရီးသည်တင်ရေယာဉ်များ /မြင်းကောင်ရေ(၂၀)အထက် ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်တင်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် (ခရီးစဉ်လိုင်း) လျှောက်ထားလာသည့် ရေယာဉ်အသင်း/အဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လိုအပ်သည့်အမှုတွဲစာရွက်စာတမ်းများ ပြည့်စုံမှုရှိ/မရှိ စိစစ်ဆောင်ရွက်ခြင်း။

(ခ) ခရီးစဉ်အတွင်း ပြေးဆွဲမည့်ခရီးသည်တင် ရေယာဉ်များသည် အခြားအသင်းအဖွဲ့၏ အသင်းဝင်ရေယာဉ်များဖြစ်ပါက နုတ်ထွက်ထားခြင်းရှိ/မရှိ စစ်ဆေးခြင်း

(ဂ) သက်ဆိုင်ရာမြို့နယ်ထွေ/အုပ်နှင့် မြို့နယ်ရစကများသို့ အောက်ပါအချက်အလက်များ ပါဝင်သည့် သဘောထားမှတ်ချက်တောင်းခံခြင်း

(၁) ဒေသအမှန်တကယ်လိုအပ်ချက် ရှိ/မရှိ

(၂) အခြားခရီးစဉ်လိုင်းတူပြေးဆွဲနေသည့် ရေယာဉ်များ ရှိ/မရှိ

(၃) ခရီးစဉ်လိုင်းတူ ရေယာဉ်များရှိပါက ဒေါ်ယူညှိနှိုင်းပြီး ခရီးစဉ်ပြေးဆွဲခွင့်ပြုသင့်သည့် ဝင်ချိန်/ထွက်ချိန်များ

(ဃ) ဌာနမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း

(င) ပြည်နယ်/တိုင်းဒေသကြီး ကမ်းရိုးတမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်အား ရယူခြင်း

(စ) ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက်ရယူခြင်း

(ဆ) ရေယာဉ်အသင်း / အဖွဲ့သို့ ရေယာဉ်လိုင်းခွင့်ပြုချက် (Permit to Ply)ကို ထုတ်ပေးခြင်း

(ဇ ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ တင်ပြခြင်း

(ဈ) ခရီးလမ်းကြောင်းရှိ ပြည်နယ်/ တိုင်းဒေသကြီးရေကြောင်းဦးစီးဌာနသို့ အကြောင်းကြား ဆောင်ရွက်ခြင်း

၃၁။ (မြင်းကောင်ရေ(၂၀)အောက် စက်တပ်ခရီးသည်တင် ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်(ခရီးစဉ်လိုင်း)လျှောက်ထားလာသည့် ရေယာဉ်အသင်း/ အဖွဲ့များမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရေယာဉ်အသင်း/အဖွဲ့ဖြင့် လျှောက်ထားခြင်းနှင့်ရေယာဉ်ပိုင်ရှင် တစ်ဦးချင်းမှ လျှောက်ထားခြင်းများတွင် လိုအပ်သော စာရွက်/စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခရီးစဉ်လိုင်းပြေးဆွဲခွင့်ပြုရန် လျှောက်လွှာ

(ခ ) ပြေးဆွဲမည့် မြင်းကောင်ရေ(၂၀)အောက် ခရီးသည်တင်ရေယာဉ်များ၏လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ

(ဂ ) အောက်ပါအချက်အလက်များပါဝင်သည့် ခရီးသည်ပို့ဆောင်ရေးဆောင်ရွက် မည့် လုပ်ငန်းစီမံချက်-

(၁) ရေယာဉ်ပိုင်ရှင်အမည်

(၂) ရေယာဉ်ဝန်ထမ်းဖွဲ့စည်းပုံ

(၃) ပြေးဆွဲမည့်ခရီးစဉ်၊ ဒေသ၊ ခရီးအကွာအဝေး၊ ခရီးစဉ်အတွင်းရှိ ဆိပ်ကမ်းများတွင် ဆိုက်ကပ်မည့်အစီအစဉ်(မြေပုံပူးတွဲတင်ပြရန်)

(၄) နေ့စဉ်ပြေးဆွဲမည့်ရေယာဉ်စီးရေ၊ ပြေးဆွဲမည့်ကာလ အပိုင်းအခြား

(၅) ရေယာဉ်စီးခ နှုန်းထားများ

(၆) ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အစီအမံ

(၇) အရေးပေါ်အခြေအနေများတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေးအပ်သော တာဝန်ကို ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်

၃၂။ ရေယာဉ်ပိုင်ရှင် တစ်ဦးချင်း(တစ်သီးပုဂ္ဂလ)လျှောက်ထားခြင်းများတွင် လိုအပ်သော စာရွက်/စာ တမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ခရီးစဉ်လိုင်းပြေးဆွဲခွင့်ပြုရန် လျှောက်လွှာ

(ခ ) ပြေးဆွဲမည့်မြင်းကောင်ရေ(၂၀)အောက် ခရီးသည်တင်ရေယာဉ်များ၏လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ

(ဂ ) အောက်ပါအချက်အလက်များပါဝင်သည့် ခရီးသည်ပို့ဆောင်ရေး ဆောင်ရွက် မည့်လုပ်ငန်းစီမံချက်–

(၁) ရေယာဉ်ပိုင်ရှင်အမည်

(၂) ရေယာဉ်ဝန်ထမ်းဖွဲ့စည်းပုံ

(၃) ပြေးဆွဲမည့်ခရီးစဉ်၊ ဒေသ၊ ခရီးအကွာအဝေး၊ ခရီးစဉ်အတွင်းရှိ ဆိပ်ကမ်းများတွင် ဆိုက်ကပ်မည့်အစီအစဉ်(မြေပုံပူးတွဲတင်ပြရန်)

(၄) နေ့စဉ်ပြေးဆွဲမည့်ရေယာဉ်စီးရေ၊ ပြေးဆွဲမည့်ကာလ အပိုင်းအခြား

(၅) ရေယာဉ်စီးခ နှုန်းထားများ

(၆) ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အစီအမံ

(၇) အရေးပေါ်အခြေအနေများတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေးအပ်သောတာဝန်ကို ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်

၃၃။ (မြင်းကောင်ရေ(၂၀)အောက် စက်တပ်ခရီးသည်တင် ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်(ခရီးစဉ်လိုင်း)လျှောက်ထားလာသည့် ရေယာဉ်အသင်း/ အဖွဲ့များအား ကရလဖ (ရေ)မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) လိုအပ်သည့်အမှုတွဲစာရွက်စာတမ်းများ ပြည်စုံမှုရှိ/မရှိ စိစစ်ဆောင်ရွက်ခြင်း။

(ခ )	မြို့နယ်ထွေ/အုပ်မှ ထုတ်ပေးသော မြင်းကောင်ရေ(၂၀)ထက်မပိုသော စက်တပ် ရေယာဉ်များ မှတ်ပုံတင်လိုင်စင်(မြို့နယ်မှတ်ပုံတင်လိုင်စင်)အား တင်ပြစေခြင်း

(ဂ )	သက်ဆိုင်ရာမြို့နယ်ရစကမှ ကွင်းဆင်းစစ်ဆေးခြင်း(ရေယာဉ်များအန္တရာယ် ကင်းရှင်းစွာ ပြေးဆွဲဆိုက်ကပ်နိုင်မှု ရှိ/မရှိ ခရီးသည်/ကုန်စည် ရရှိနိုင်မှု အခြေ အနေ)

(ဃ)	သက်ဆိုင်ရာမြို့နယ်ထွေအုပ်နှင့် မြို့နယ်ရစကများသို့ အောက်ပါအချက်အလက် များပါဝင်သည့် သဘောထားမှတ်ချက်တောင်းခံခြင်း-

(၁)	ဒေသအမှန်တကယ်လိုအပ်ချက်ရှိ/မရှိ၊

(၂)	အခြားခရီးစဉ်လိုင်းတူပြေးဆွဲနေသည့်ရေယာဉ်များရှိ/မရှိ၊

(၃)	ခရီးစဉ်လိုင်းတူရေယာဉ်များရရှိပါက ခေါ်ယူညှိနှိုင်းပြီး၊ ခရီးစဉ်ပြေးဆွဲ ခွင့်ပြုသင့်သည့် ဝင်ချိန်ထွက်ချိန်များ၊

(င )	ပြည်နယ်ကမ်းရိုးတမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူခြင်း

(စ )	ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြပြီး အတည်ပြုချက်ရယူခြင်း

(ဆ)	ရေယာဉ်အသင်း/အဖွဲ့သို့ ရေယာဉ်လိုင်းပြေးဆွဲခွင့် (Permit to Ply)ကို ထုတ်ပေးခြင်း

၃၄။	ရုံးချုပ်မှတ်ပုံတင်၊ ပြည်နယ်မှတ်ပုံတင် ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်ပို့ဆောင် ရေးလုပ်ငန်း လုပ်ငန်းလုပ်ဆောင်နေသည့် ရေယာဉ်အသင်း/အဖွဲ့မှ ခရီးစဉ်တိုးချဲ့ ပြေးဆွဲရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရေယာဉ်အသင်း/ အဖွဲ့နှင့် နိုင်ငံသားပိုင်ပို့ဆောင်ရေး ကုမ္ပဏီ/ သမအသင်းမှ ခရီးစဉ်တို့ချဲ့မှု လျှောက်ထားခြင်းများအတွက် လိုအပ်သော စာရွက်/ စာတမ်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က)	လိုအပ်သည့်အမှုတွဲစာရွက်စာတမ်းများ ပြည့်စုံမှုရှိ/မရှိစိစစ်ဆောင်ရွက်ခြင်း။

(ခ )	ရေယာဉ်လိုင်းပြေးဆွဲခွင့် (Permit to Ply)

(ဂ) ပြေးဆွဲမည့်ခရီးသည်တင်ယာဉ်များ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ။

(ဃ) အောက်ပါအချက်အလက်များပါဝင်သည့် ခရီးသည်ပို့ဆောင်ရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်-

(၁) ရေယာဉ်အသင်း/အဖွဲ့အမည်၊ ကုမ္ပဏီ/သမအသင်းအမည်

(၂) အသင်း/ အဖွဲ့ဖွဲ့အစည်းပုံ၊ ကုမ္ပဏီ/သမ မှတ်ပုံတင်နှင့် ဖွဲ့စည်းပုံ

(၃) ပြေးဆွဲမည့်ခရီးစဉ်၊ ဒေသ၊ ခရီးအကွာအဝေး၊ ခရီးစဉ်အတွင်းရှိ ဆိပ်ကမ်းများတွင် ဆိုက်ကပ်မည့်အစီအစဉ် (မြေပုံပူးတွဲတင်ပြရန်)

(၄) နေ့စဉ်ပြေးဆွဲမည့်ရေယာဉ်စီးရေ၊ ပြေးဆွဲမည့်ကာလအပိုင်းအခြား၊

(၅) ရေယာဉ်စီးခနှုန်းထားများ

(၆) ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အစီအမံ

(၇) အရေးပေါ်အခြေအနေများတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ပေးအပ်သော တာဝန်ကို ထမ်းဆောင်မည်ဖြစ်ကြောင်းဝန်ခံကတိပြုချက်

၃၅။ ရေယာဉ်ပိုင်ရှင်တစ်ဦးချင်းမှ ခရီးစဉ်တိုးချဲ့မှုလျှောက်ထားခြင်းများတွင် လိုအပ်သော စာရွက်/ စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လိုအပ်သည့်အမှုတွဲစာရွက်စာတမ်းများ ပြည့်စုံမှုရှိ/မရှိစိစစ်ဆောင်ရွက်ခြင်း။

(ခ) ရေယာဉ်လိုင်းပေးဆွဲခွင့်(Permit to Ply)

(ဂ) အောက်ပါအချက်အလက်များပါဝင်သည့် ခရီးသည်ပို့ဆောင်ရေး ဆောင်ရွက် မည့် လုပ်ငန်းစီမံချက်-

(၁) ရေယာဉ်ပိုင်ရှင်အမည်

(၂) ရေယာဉ်ဝန်ထမ်းဖွဲ့စည်းပုံ

(၃) ပြေးဆွဲမည့်ခရီးစဉ်၊ ဒေသ၊ ခရီးအကွာအဝေး၊ ခရီးစဉ်အတွင်းရှိ ဆိပ်ကမ်းများတွင် ဆိုက်ကပ်မည့်အစီအစဉ်(မြေပုံပူးတွဲတင်ပြရန်)

(၄) နေ့စဉ်ပြေးဆွဲမည့်ရေယာဉ်စီးရေ၊ ပြေးဆွဲမည့်ကာလအပိုင်းအခြား၊

(၅) ရေယာဉ်စီးခန့်နှုန်းထားများ

(၆) ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အစီအမံ

(၇) အရေးပေါ်အခြေအနေများတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပေးအပ်သော တာဝန်ကို ထမ်းဆောင်မည်ဖြစ်ကြောင်းဝန်ခံကတိပြုချက်

၃၆။ ရုံးချုပ်မှတ်ပုံတင်၊ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင်ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်နေသည့် ရေယာဉ်အသင်း/အဖွဲ့များမှ ခရီးစဉ် တိုးချဲ့ပြေးဆွဲရာတွင် ကရလဖ(ရေ)ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လိုအပ်သည့်အမှုတွဲစာရွက်စာတမ်းများ ပြည့်စုံမှုရှိ/မရှိစိစစ်ဆောင်ရွက်ခြင်း။

(ခ) သက်ဆိုင်ရာ မြို့နယ်ထွေအုပ်နှင့် မြို့နယ်ရစကများသို့ အောက်ပါအချက်အလက်များ ပါဝင်သည့်သဘောထားမှတ်ချက်တောင်းခံခြင်း-

(၁) ဒေသအမှန်တကယ်လိုအပ်ချက်ရှိ/မရှိ

(၂) အခြားခရီးစဉ်လိုင်းတူပြေးဆွဲနေသည့်ရေယာဉ်များရှိ/မရှိ

(၃) ခရီးစဉ်လိုင်းတူရေယာဉ်များရရှိပါကခေါ်ယူညှိနှိုင်းပြီး၊ ခရီးစဉ်ပြေးဆွဲခွင့်ပြုသင့်သည့်ဝင်ချိန်၊ ထွက်ချိန်များ၊

(ဂ) ဌာနမှကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း။

(ဃ) ပြည်နယ်/ တိုင်းဒေသကြီးကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့ ခွင့်ပြုချက်ရယူခြင်း။

(င) ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြပြီးအတည်ပြုချက်ရယူခြင်း။

(စ) ရေယာဉ်အသင်း/အဖွဲ့သို့ ခရီးစဉ်တိုးချဲ့ရေယာဉ်လိုင်းခွင့်ပြုချက်(Permit to Ply) ကို ထုတ်ပေးခြင်း။

(ဆ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေး ဗဟိုအဖွဲ့သို့တင်ပြခြင်း။

(ဇ) ခရီးစဉ်လမ်းကြောင်းရှိ ပြည်နယ်/တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများသို့ အကြောင်းကြားဆောင်ရွက်ခြင်း။

၃၇။ ရုံးချုပ်မှတ်ပုံတင်၊ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင် ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်နေသည့် ရေယာဉ်အသင်း/အဖွဲ့များမှ ရေယာဉ်တိုးခြင်း/ လျှော့ခြင်းနှင့် ရေယာဉ်ပြောင်းလဲပြေးဆွဲရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရေယာဉ်အသင်း/အဖွဲ့နှင့် နိုင်ငံသားပိုင်ပို့ဆောင်ရေးကုမ္ပဏီ/သမအသင်း၊ ရေယာဉ်ပိုင်ရှင်တစ်ဦးချင်းတို့မှ ရေယာဉ်တိုးခြင်း/လျှော့ခြင်းနှင့် ရေယာဉ်ပြောင်းလဲပြေးဆွဲ ရန် လျှောက်ထားခြင်းများတွင် လိုအပ်သော စာရွက်/စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မူလထုတ်ပေးထားသည့်ရေယာဉ်လိုင်းပေးဆွဲခွင့်(Permit to Ply)မူရင်း။

(ခ) အသင်းဝင်ရေယာဉ်တိုးခြင်း/လျှော့ခြင်းနှင့် ရေယာဉ်ပြောင်းလဲ ပြေးဆွဲခြင်း ပြုလုပ်မည့် ရေယာဉ်စာရင်း။

(ဂ) ပြေးဆွဲမည့်ခရီးသည်တင်ရေယာဉ်များ၏ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များ (မူရင်း/မိတ္တူ)

၃၈။ ရုံးချုပ်မှတ်ပုံတင်၊ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင်ခရီးသည်တင် ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်နေသည့် ရေယာဉ်အသင်း/အဖွဲ့များမှ ရေယာဉ်တိုးခြင်း/လျှော့ခြင်းနှင့်ရေယာဉ်ပြောင်းလဲပြေးဆွဲရာတွင်ပြည်နယ်ရုံးအဖွဲ့မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ပြည်နယ်/ တိုင်းဒေသကြီးကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့ခွင့်ပြုချက်ရယူခြင်း

(ခ) ရေယာဉ်အသင်း/အဖွဲ့သို့ ရေယာည်စာရင်းပြင်ဆင်ပြီး ရေယာဉ်လိုင်းခွင့်ပြုချက် (Permit to Ply)ကိုထုတ်ပေးခြင်း

(ဂ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့သို့တင်ပြခြင်း

၃၉။ ရုံးချုပ်မှတ်ပုံတင်၊ ပြည်နယ်/တိုင်းဒေသကြီး မှတ်ပုံတင် ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်နေသည့် ရေယာဉ်အသင်း/အဖွဲ့များမှ ရေယာဉ်လိုင်းခွင့်ပြုချက် သက်တမ်းတိုးခြင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရေယာဉ်အသင်း/အဖွဲ့နှင့် နိုင်ငံသားပိုင် ပို့ဆောင်ရေးကုမ္ပဏီ/သမအသင်း၊ ရေယာဉ်ပိုင်ရှင်တစ်ဦးချင်းတို့မှ ရေယာဉ်လိုင်း ခွင့်ပြုချက်သက်တမ်းတိုးမှု လျှောက်ထားခြင်းများတွင် လိုအပ်သောစာရွက်/စာတမ်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) မူလထုတ်ပေးထားသည့်ရေယာဉ်လိုင်းပြေးဆွဲခွင့်(Permit to Ply)မူရင်း။

(ခ) ပြေးဆွဲမည့်ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များ (မူရင်း/မိတ္တူ)။

၄၀။ ရုံးချုပ်မှတ်ပုံတင်၊ ပြည်နယ်/တိုင်းဒေသကြီး မှတ်ပုံတင်ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်နေသည့် ရေယာဉ်အသင်း/အဖွဲ့များမှ ရေယာဉ်လိုင်းခွင့်ပြုချက် သက်တမ်းတိုးခြင်းများတွင် ပြည်နယ်ရုံးအဖွဲ့မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်နယ်/တိုင်းဒေသကြီး ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့ခွင့်ပြုချက်ရယူခြင်း

(ခ) ရေယာဉ်အသင်း/အဖွဲ့သို့(၃)နှစ်သက်တမ်းရှိ ရေယာဉ်လိုင်းခွင့်ပြုချက်(Permit to Ply)သက်တမ်းတိုးဆောင်ရွက်ပေးခြင်း

(ဂ) မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေး ဗဟိုအဖွဲ့သို့တင်ပြခြင်း

၄၁။ ရုံးချုပ်မှတ်ပုံတင်ဆောင်ရေယာဉ်များ၊ ပြည်နယ်/တိုင်းဒေသကြီးမှတ်ပုံတင်ဆောင် ခရီးသည်တင် ရေယာဉ်များနှင့် မြင်းအား(၂၀)အောက်ခရီးသည်တင်ရေယာဉ်များ၏

ခရီးစဉ်လိုင်း ပြေးဆွဲနေမှု များနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်ခြင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ခရီးသည်တင်ရေယာဉ်များအား သက်တမ်းမကုန်ဆုံးမီ နှစ်ပတ်လည် အစစ်ဆေးခံယူရန်နှင့် သက်တမ်းကုန်ဆုံပါက လိုင်းရပ်နားထားရန် တစ်လ ကြိုတင်ညွှန်ကြားချက် ထုတ်ပြန်၍ လိုက်နာမှုမရှိသော ရေယာဉ်များအား မြို့နယ်ရစကများမှတဆင့် လိုင်းယာယီသိမ်းရန် စီမံဆောင်ရွက်ခြင်း။

( ခ) မြင်းကောင်ရေ(၂၀)အထက် ခရီးသည်တင်ရေယာဉ်များအား လစဉ် Schedule ထုတ်ပြန်ဆောင်ရွက်ကာ ရေယာဉ်များအား မျက်မြင်ကွင်းဆင်းစစ်ဆေးပြီးမှ သာ ခရီးစဉ်ဆက်လက်ပြေးဆွဲခွင့်ပြုခြင်း။

( ဂ) မြင်းကောင်ရေ(၂၀)အောက် ခရီးသည်တင်ရေယာဉ်များ "ခ" လိုင်စင် သက်တမ်းတိုး ဆောင်ရွက်ရာတွင် ရေယာဉ်များအား မျက်မြင်စစ်ဆေးပြီး ရေယာဉ်ကြံ့ခိုင်မှုနှင့် အသက်ကယ်ပစ္စည်းများအား ပြည့်စုံစွာတပ်ဆင်ပြီးမှသာ လုပ်ငန်းလိုင်စင် ဆက်လက် ခွင့်ပြုထုတ်ပေးခြင်း။

(ဃ) မြို့နယ်(၂၆)မြို့နယ်နှင့် ရေယာဉ်အများစုဆိုက်ကပ်သည့် ကျေးရွာကြီးများတွင် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစေရန် လိုက်နာရမည့် လူပုဂ္ဂိုလ်ဆိုင်ရာ စည်းကမ်းချက်များ၊ ဥပဒေနှင့် ဒဏ်ကြေးသတ်မှတ်ချက်များပါသည့် ဗီနိုင်းများကို အများမြင်သာသည့် ဆပ်ကမ်းနေရာများတွင် စီမံစိုက်ထုတ် ဆောင်ရွက်ခြင်း။

( င) ခရီးသည်တင်ရေယာဉ်များ လူ/ကုန် ပိုမိုတင်ဆောင်ခြင်း ရှိ/မရှိ၊ ရေယာဉ်၏ အမိုးပေါ်နှင့် တားမြစ်ထားသည့်နေရာများတွင် ခရီးသည်နှင့်ကုန်စည်များ တင်ဆောင်ခြင်း ရှိ/မရှိ စသည့်အချက်များအား မြို့နယ်ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များမှ ဆိပ်ကမ်း ထွက်ခွာနေစဉ် စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်ကြီးကြပ်ခြင်း။

(စ) ရေယာဉ်များ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြေးဆွဲစေရေး တိုင်း/မြို့နယ်ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီများမှ တဆင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ခြင်း။

(ဆ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကွင်းဆင်းရှောင်တခင် စစ်ဆေးရေး အဖွဲ့များမှ ဌာနပိုင်စစ်ဆေးရေးသုံးယာဉ်ဖြင့် လစဉ်ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်း၊

(ဇ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လစဉ်ကွင်းဆင်း ရှောင်တခင် စစ်ဆေးရေးအဖွဲ့များနှင့် မြို့နယ်ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပေါင်းစပ်စစ်ဆေး ဆောင်ရွက်ခြင်းနှင့် စည်းကမ်းပျက်ခုတ်မောင်းပြေးဆွဲနေ သည့် ရေယာဉ်များအား ပြည်နယ်မှ သတ်မှတ်ထားသည့် ရစကစီမံဒဏ်ကြေး များ(သို့) ကရလစီမံဒဏ်ကြေးများ ဖြင့် အရေးယူဆောင်ရွက်ခြင်း၊

(ဈ) စည်းကမ်းပျက် အကြိမ်ကြိမ်ခုတ်မောင်းပြေးဆွဲနေသည့် ရေယာဉ်များအား စစ်ဆေးတွေ့ရှိပါက ရေယာဉ်များစနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ များမှ ရစပ ဥပဒေနှင့်အညီ တရားစွဲအရေးယူဆောင်ရွက်နိုင်အောင် ကြပ်မတ် ဆောင်ရွက်ခြင်း။